## (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအား ဂုဏ်ပြုကြိုဆိုခြင်းအားဖြင့်

## “တစ်မျိုးသားလုံး ကျန်းမာရေးတိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး”

## ညီလာခံဂုဏ်ပြုဆောင်းပါး

*** နေနေနိုင်ရည်၊ မိုးမိုးသန်း(တိုင်းရင်းဆေးပညာဦးစီးဌာန)**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို(၂၀၀၀)ပြည့်နှစ်ကစတင်ပြီး နိုင်ငံတော် အဆင့် နှစ်စဉ်မပျက် အောင်မြင်စွာကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင်(၂၄)ကြိမ်မြောက်ကျင်းပနိုင်တော့မည် ဖြစ်ပါသည်။ ယခုကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု နှင့်အတူ တိုင်းရင်းဆေးသမားတော်ကြီးများအားလုံး၏ စည်းလုံးညီညွတ်စွာပူးပေါင်းပါဝင်ဆောင်ရွက် မှုများကြောင့်လည်းဖြစ်ပါသည်။ ယခုအခါပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် အထောက်အကူပြုနိုင်ရန်အလွှာစုံမှ ပညာရှင်များပါဝင်သော (၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှ(၁၇)ရက်နေ့အထိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပသွား မည်ဖြစ်ပါသည်။ ထိုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပရာတွင် တိုင်းရင်းဆေး သမားတော်များသာမက နှီးနှောယ်ပညာရှင်များပါ ပါဝင်ပြီးအတွေ့အကြုံ၊အတွေးအမြင်များကိုဖလှယ်ကြ ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းပိုမိုမြင့်မားစေရန် အထောက်အကူကောင်းများ လည်းရရှိနိုင်ကြမှာဖြစ်ပါသည်။ ယနေ့ခေတ်ကာလသည် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော် အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ တိုင်းရင်းဆေးသမားတော်ကြီးများ၏ ဂိုဏ်းဂဏစိတ်ထားကင်းရှင်းစွာ တိုင်းရင်းဆေးပညာ အကျိုးရှေးရှုကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ မြန်မာ့တိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားအားပေးမှုတို့ အပြန်အလှန်ပေါင်းစည်းအကျိုးပြုလျှက် မြန်မာ့တိုင်းရင်းဆေးပညာ ထွန်းတောက်အောင်အားသွန်ခွန်စိုက်ကြိုးပမ်းသွားနိုင်မည့် အခြေအနေကောင်းများရှိနေပြီဖြစ်ပါသည်။

ပြည်သူလူထုအများစုသည် မိမိတို့၏ ကျန်းမာရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို အလေးထားအားကိုးအားထားပြုနေကြချိန်ဖြစ်ပါသည်။ အထူးသဖြင့် စနစ်တကျသင်ယူကာအတွေ့အကြုံများ၍ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သော တိုင်းရင်းဆေးဆရာကြီးများ၏ အရည်အသွေးကို ပိုမိုလက်ခံလာကြပြီဖြစ်ပါသည်။ ဤကဲ့သို့ အခြေအနေတွင် မြန်မာ့တိုင်းရင်းဆေးဆရာကြီးများဖက်မှ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ပို၍ ပို၍ကောင်းမွန်အောင်လုပ်ဆောင်ကြပြီး မိမိတို့၏အရည်အသွေးနှင့်ဂုဏ်သိက္ခာကို ပိုမို တိုးတက်သထက်တိုးတက်အောင် ကြံဆောင်နေကြသည်မှာလည်း ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ၎င်းအပြင် မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပေးနိုင်သည့် နီးနွယ်ပညာရှင်များ၊ ဆေးဝါးဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒအစရှိသော ကျွမ်းကျင်မှုဆိုင်ရာပညာရှင်များနှင့်လည်းပူးပေါင်းဆောင်ရွက်နေကြချိန်ဖြစ်ပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှော ဖလှယ်ပွဲကို စည်းလုံး ညီညွတ်စွာဖြင့် ကျင်းပမှာဖြစ်ပါသည်။

(၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များမှာ “ **မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်” “ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိအပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကို သိရှိနိုင်စေရန်” “ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်” “ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန်”** ရည်ရွယ်ချက်များနှင့်ကျင်းပခြင်း ဖြစ်ပါသည်။ ၎င်းအပြင်(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲတွင်ညီလာခံ၏ အဓိကအသက်သွေးကြောလုပ်ငန်းဖြစ်သည့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအချက်များကို အဆိုပြု တင်သွင်းဆွေးနွေးကြမည် ဖြစ်ပါသည်။ ထိုအဆိုပြုချက်များသည် တိုင်းရင်းဆေးလောက နှင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အထောက်အကူဖြစ်စေမည့် အရေးကြီးသောအဆိုပြုချက်များဖြစ်မည်ဟု ယုံကြည်ပါသည်။

ယင်းတို့ကိုဖော်ပြရလျှင် "မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ရောဂါရှာဖွေကုသမှုနည်းစနစ်များ၊ ပိုမို တိုးတက်ကောင်းမွန်လာစေရေးအတွက် ပညာရပ်ဆိုင်ရာလက်တွေ့သင်တန်းများ၊ ဆွေးနွေးပွဲများ တိုးမြှင့်ဆောင်ရွက်ရန်"၊ "မိမိတို့ပတ်ဝန်းကျင်ရှိအပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင် ပုံများကို သိရှိနားလည်စေရန်နှင့် မိသားစုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တိုင်းရင်းဆေးအသိပညာပေးခြင်းကိုဆောင်ရွက်ရန်"၊ "ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တွင် တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍ ပိုမို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်"၊ "ကျမ်းဂန်လာ တိုင်းရင်းဆေးဖုံများ၏ ရောဂါကုသရာတွင် ထိရောက်မှုကို သိပ္ပံနည်းကျဖော်ထုတ်ဆောင်ရွက်ရန်နှင့် မူပိုင်ခွင့်ရရှိနိုင်ရေးဆောင်ရွက်ရန်"တို့နှင့် ပတ်သက်၍ အဆိုပြုချက်များတင်သွင်းခြင်း၊ ဆွေးနွေးခြင်း များ ဆောင်ရွက်ကြမှာဖြစ်ပါသည်။

နီးနှောဖလှယ်ပွဲနေ့တွင် ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များနှင့် ဆေးဝါးများအား လက်တွေ့ အသုံးချနိုင်ရေးအတွက် စနစ်တကျပြန်လည်ဖော်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ပညာရပ်ဆိုင်ရာနီးနှော ဖလှယ်ပွဲကို ကျင်းပမှာဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် နီးနှောဆွေးနွေးကြကာ မျိုးဆက်သစ်လူငယ်များအတွက် လက်ဆင့်ကမ်းအမွေ အနှစ်များထားနိုင်ရန် ပူးပေါင်းပါဝင်သွားကြမည် ဖြစ်ပါသည်။ ၎င်းအပြင်ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆောင်ရွက်ချက်ပြခန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၏ တိုင်းရင်းဆေးဝါးပြခန်းများကိုလည်း ခမ်းနားစွာဖြင့် စိတ်ဝင်စားဖွယ် ပြသထားမည် ဖြစ်ပါသည်။

ထို့အပြင် (၂၄) ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်း ဆေးပညာနီးနှောဖလှယ်ပွဲကြီးသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ်နေသည့် ဝန်ကြီးဌာန များ၏ ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်စွာကျင်းပနိုင်မည့် နိုင်ငံတော်အဆင့် ညီလာခံကြီးပင် ဖြစ် ပါသည်။ (၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှော ဖလှယ်ပွဲသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာအကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းဆေးညီလာခံကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပက အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နီးနှောဖလှယ်ပညာရှင်ကိုယ်စားလှယ်များ၊ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကျင်းပရာတွင် မြန်မာ့တိုင်းရင်းဆေးပညာလောက၏ အသွင်သဏ္ဌာန် နှင့် အနှစ်သာရများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှပညာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြသောကြောင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးသည် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကိုပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောကဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ၊ဖော်ဆောင်ပေးမည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်းတင်ပြရင်း "(၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် ပြည်သူလူထု၏ကျန်းမာရေးကို အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ၊ ကုထုံးများဖြင့် ပိုမို စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်လျက် **"တစ်မျိုးသားလုံး ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး"** ဆောင်းပါးကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ရေးသား တင်ပြလိုက်ပါသည်။

